MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**၈–၆–၂၀၂၀ နေ့တွင်ကျင်းပပြုလုပ်သည့် မြန်မာအက်ဂရို အိတ်(စ်)ချိန်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ပဥ္စမ အကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့မှ အစုရှယ်ယာရှင်များထံ တင်ပြပြီးဖြစ်သည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစုများအား လွယ်ကူလျှင်မြန်စွာ ထုတ်ယူနိုင်ရန် ဆောင်ရွက် ပေး မည့် အစီအစဉ် အသိပေးကြေညာချက်**

၁။ (၆–၆–၂၀၂၀)ရက်နေ့ရှိ အစုရှယ်ယာရှင်မှတ်တမ်း တွင် ပါရှိသည့် အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုများ စတင် ထုတ်ပေး မည့်ရက်အား အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်။

| | | | |
|---|---|---|---|
| ရှယ်ယာ | ၁ စု မှ | ၁၀၀၀ စု ထိ | (၂၈–၆–၂၀၂၁) ရက်နေ့ |
| ရှယ်ယာ | ၁၀၀၁ စု မှ | ၅၀၀၀ စု ထိ | (၁–၇–၂၀၂၁) ရက်နေ့ |
| ရှယ်ယာ | ၅၀၀၁ စု မှ | ၁၀၀၀၀ စု ထိ | (၅–၇–၂၀၂၁) ရက်နေ့ |
| ရှယ်ယာ | ၁၀၀၀၁ စု မှ | ၅၀၀၀၀ စု ထိ | (၇–၇–၂၀၂၁) ရက်နေ့ |
| ရှယ်ယာ | ၅၀၀၀၁ စု မှ | ၁၀၀၀၀၀ စု ထိ | (၉–၇–၂၀၂၁) ရက်နေ့ |
| ရှယ်ယာ | ၁၀၀၀၀၁ စု မှ | ၅၀၀၀၀၀ စုထိ | (၁၂–၇–၂၀၂၁) ရက်နေ့ |
| ရှယ်ယာ | ၅၀၀၀၀၁ စု မှ | ၆၀၀၀၀၀ စုထိ | (၁၃–၇–၂၀၂၁) ရက်နေ့ |
| ရှယ်ယာ | ၆၀၀၀၀၁ စု နှင့် အထက် | | (၁၄–၇–၂၀၂၁) ရက်နေ့ |

၂။ အမြတ်ဝေစုငွေအား KBZ , AYA , AGD , CB နှင့် UAB စသည့် Bank Account များ နှင့် Pay နံပါတ် များဖြင့်လည်းကောင်း၊ Wave Money ဖြင့်လည်းကောင်း အစုရှယ်ယာရှင်များထံသို့ ငွေလွှဲ ပေးပို့မည်ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များထံသို့ အမြတ်ဝေစု ထုတ်ပေးနိုင်ရန် အစုရှယ်ယာရှင်သည် **အောက်ပါအချက်အလက်များအပြည့်အစုံ ကို ထင်ရှားစွာ ဓါတ်ပုံရိုက်၍ အစုရှယ်ယာရှင်၏ အီးမေး(သို့မဟုတ်)ဖုန်း Viber ဖြင့် MAEX ရုံးချုပ် Email သို့မဟုတ် Viber ဖုန်းနံပါတ် သို့ ကြိုတင်ပေးပို့ရန်လိုအပ်ပါမည်။**

**(က) ရှယ်ယာရှင်ပိုင်ဆိုင်မှုမှတ်တမ်း (Share Certificate ရှေ့/နောက်)၊**

**(ခ) အစုရှယ်ယာရှင်၏ မှတ်ပုံတင်(ရှေ့/နောက်)၊**

**(ဂ) အမြတ်ဝေစုလွှဲပို့ပေးရမည့် ဘဏ်စာရင်းအမှတ် (သို့) Pay နံပါတ် /အမည်၊**

**(ဃ) ပေးပို့ရမည့် MAEX ရုံးချုပ် အီးမေး <ho@maex.com.mm>**

**Viber 09 889955485, 09 889955486**

၄။ အစုရှယ်ယာအနည်းစုပိုင်ဆိုင်သည့် အစုရှင်များအဆင်ပြေစေရန်အတွက် **အစုရှယ်ယာ ၁ စု မှ ၁၀၀၀၀ စုထိ** ပိုင်ဆိုင်သော အစုရှယ်ယာရှင်များထံသို့ အပိုဒ်(၂)ပါနည်းအတိုင်း ဘဏ်မှငွေလွှဲစနစ်ဖြင့်ထုတ်ယူနိုင်သည့်အပြင် အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုအား ရှယ်ယာရှင်ပိုင်ဆိုင်မှုမှတ်တမ်း၊ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်း တို့နှင့်အတူ MAEX ရုံးချုပ်တွင် ကိုယ်တိုင် လာရောက်ထုတ်ယူ လိုပါက လာရောက်ထုတ်ယူ နိုင်ပါသည်။

၅။ ရန်ကုန်မြို့တွင်းရှိ ဘဏ်စာရင်းများသို့ ငွေလွှဲခြင်းအတွက် ငွေလွှဲခများကို ကုမ္ပဏီမှကျခံပေးမည်ဖြစ်ပြီး ၊ နယ်မြို့များရှိဘဏ် စာရင်း များသို့ ငွေလွှဲပေးခြင်း၊ မှတ်ပုံတင်ဖြင့် Bank မှ ငွေလွှဲပေးခြင်း နှင့် Pay နံပါတ်များဖြင့် ငွေလွှဲပေးခြင်းများ အတွက် ငွေလွှဲခများကို အစုရှယ်ယာရှင်မှ ကျခံရပါမည်ဖြစ်ပါသည်။

မှတ်ချက်(၁)တည်ဆဲဝင်ငွေခွန် ဥပဒေအရ ရရှိမည့် အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန်ထပ်မံ ပေးဆောင်ရန် မလိုပါ။

(၂) Covid ကာလ မလွှဲရှောင်နိုင်သည့် ကန့်သတ်ချက်များ ဖြစ်ပေါ်လာပါက အမြတ်ဝေစု ထုတ်ပေးမည့်ရက်များကို ပြန်လည်ပြင်ဆင် ကြေညာပေးပါမည်။

ဒါရိုက်တာအဖွဲ့
မြန်မာအက်ဂရို အိတ်(စ်)ချိန်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်